**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်**
**ကြေညာချက်အမှတ် (၂/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း (၅) ရက်**
**၂၀၁၆ ခုနှစ်၊ မတ်လ ၁၃ ရက်**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လိုင်စင် ထုတ်ပေးခြင်း**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(က) အရ အောက်ပါကုမ္ပဏီများအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လိုင်စင်ကို ပေးအပ်ခဲ့ပါသည်။

| နေ့ရက် | လိုင်စင်နံပါတ် | ကုမ္ပဏီအမည် |
|---|---|---|
| ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် | နံပါတ် – ၀၀၁ | ကေဘီဇက်စတာလင်းကိုးလ်မန်းငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီလီမိတက် |
| ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် | နံပါတ် – ၀၀၂ | မြန်မာငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် |
| ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက် | နံပါတ် – ၀၀၃ | ဧရာထရက်(စ်)ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီလီမိတက် |
| ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက် | နံပါတ် – ၀၀၄ | စီဘီငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီလီမိတက် |
| ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက် | နံပါတ် – ၀၀၅ | ကေတီဇက်ရှုဘီဟီး(လ်)ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီလီမိတက် |

ခွင့်ပြုသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လိုင်စင်အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချခြင်း လုပ်ငန်းလိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်းလုပ်ငန်း လိုင်စင်၊

(ဃ) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းလိုင်စင်၊

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်**